ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

# ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လအတွက် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေအဆိုပြုတင်ပြချက် အနှစ်ချုပ်

ရက်စွဲ။ ၂၀၁၈ ခုနှစ် ၊ ဇန်နဝါရီလ ( ၁၂ ) ရက်

ဤစာစောင်ပါ ကိန်းဂဏန်းအချက်အလက်များသည် ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လ အတွက် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းတို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၀၃ ပုဒ်မခွဲ (က) နှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့က ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းရာတွင် အနှစ်ချုပ်ပြုစုဖော်ပြသော ကိန်းဂဏန်း အချက်အလက်များဖြစ်ပါသည်။ ပြည်ထောင်စုလွှတ်တော်က အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ဥပဒေကြမ်း အပေါ် ဆွေးနွေးသုံးသပ်၍ အတည်ပြုပြီးသည့်အခါ အတည်ပြုပြဋ္ဌာန်းချက်နှင့်အညီ ပြည်သူများ ရှင်းလင်း လွယ်ကူစွာ လေ့လာဖတ်ရှုနိုင်စေရန် ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလ အထိ (၆)လအတွက် ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များ စာစောင် (Citizen's Budget) ကို ထပ်မံပြုစု ထုတ်ဝေမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

## ဘဏ္ဍာရေးနှစ် ပြောင်းလဲခြင်း

၁။ မြန်မာနိုင်ငံ၏ဘဏ္ဍာရေးနှစ်ကို ဧပြီလ (၁) ရက်နေ့မှ မတ်လ (၃၁) ရက်နေ့အထိ သတ်မှတ် ဆောင်ရွက်ခဲ့ရာမှ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်မှ စတင်၍ အောက်တိုဘာလ ၁ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ပြောင်းလဲသတ်မှတ်ဆောင်ရွက်ရန် ပြည်ထောင်စု အစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁၇/၂၀၁၇)က သဘောတူပြီး ဖြစ်ပါသည်။ ၃၁-၁၀-၂၀၁၇ ရက်နေ့၌ ကျင်းပသော ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး စတုတ္ထနေ့တွင် မှတ်တမ်းတင်ခဲ့ပါသည်။

၂။ ယခု တင်ပြသည့် ရသုံးခန့်မှန်းခြေငွေစာရင်းသည် မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးနှစ်ကို အသစ်မစတင်မီ ကူးပြောင်းချိန်ကာလဖြစ်သည့် ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လ အတွက် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်း ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

## ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လအတွက် နိုင်ငံတော်၏ စီးပွားရေး အခြေအနေအကျဉ်းချုပ်

❖ ပြည်တွင်းထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) မှာ ကျပ် ၃၂,၈၇၃ ဘီလီယံ ဟု ခန့်မှန်းသည်။ စီးပွားရေးတိုးတက်မှုနှုန်းကို ၇.၂ % ဟုခန့်မှန်းသည်။

❖ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လ တွင် -

(၁) ပြည်ထောင်စု၏ စုစုပေါင်းရငွေကို ကျပ် ၈,၄၉၂ ဘီလီယံ ဟုခန့်မှန်းသည်။

(၂) ပြည်ထောင်စု၏ စုစုပေါင်းအသုံးစရိတ်ကို ကျပ် ၁၀,၆၇၈ ဘီလီယံ ဟုခန့်မှန်းသည်။

(၃) ထို့ကြောင့် ပြည်ထောင်စု၏ စုစုပေါင်းလိုငွေမှာ ကျပ် ၂,၁၈၆ ဘီလီယံ ဟုလျာထားပါသည်။

❖ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လ တွင် ပြည်ထောင်စု ၏ အခွန်အကောက်ရငွေ စုစုပေါင်း ကျပ် ၂,၇၉၂ ဘီလီယံ ဖြစ်သည်။

❖ ပြည်ထောင်စု၏အခွန်အကောက်ရငွေနှင့် ဂျီဒီပီအချိုးမှာ ၈.၄၉ % ဖြစ်သည်။

❖ လိုငွေနှင့် ဂျီဒီပီအချိုးမှာ ၆.၆၅ % ဖြစ်သည်။

❖ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လ ဘဏ်ဂျက်ရေးဆွဲရာ၌ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာ ၏ ငွေကြေးလဲလှယ်နှုန်းကို ၁,၃၈၀ ကျပ် ဖြင့် ရေးဆွဲထားသည်။

ဇာစ်မြစ်။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လ အတွက် စီးပွားရေးအခြေအနေ ရှေ့အလားအလာများ၊ ခြုံငုံသုံးသပ်ချက်များ

၁။ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လ စီမံကိန်းရည်မှန်းချက်တွင် စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် ၃၂,၈၇၃,၂၀၂.၅ သန်း ရရှိရန်နှင့် စီးပွားရေးတိုးတက်မှုကို ပုံမှန်ဈေးနှုန်းအရ ၇.၂ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

၂။ ကဏ္ဍကြီးများအလိုက် စီးပွားရေးတိုးတက်မှုကို လယ်ယာကဏ္ဍကြီးတွင် ၃.၅ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီးတွင် ၈.၉ ရာခိုင်နှုန်းနှင့် ဝန်ဆောင်မှုကဏ္ဍကြီးတွင် ၈.၀ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန် လျာထားပါသည်။

၃။ လယ်ယာကဏ္ဍကြီးတွင် အဓိကအားဖြင့် မိုးသီးနှံစိုက်ပျိုးထုတ်လုပ်မှု ပိုမိုကောင်းမွန်မည့် အလားအလာရှိခြင်း၊ အသားနှင့်ငါးထုတ်လုပ်မှုတွင် ပြည်တွင်းစားသုံးမှုသာမက ပြည်ပသို့တင်ပို့ရန်နှင့် ပြည်တွင်း၌ပင် ထပ်ဆင့်တိုးတန်ဖိုးရရှိရေး ပိုမိုဆောင်ရွက်နိုင်မည်ဟု မျှော်မှန်းထားပါသည်။

၄။ စက်မှုကဏ္ဍကြီးတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ စီးဝင်ခြင်းနှင့်အတူ ငွေကြေးအရင်းအနှီးလိုအပ်သည့် စီးပွားရေးအခြေခံလုပ်ငန်းများသို့ နှစ်လတ်ချေးငွေများ ထုတ်ချေးခြင်းနှင့် ပုဂ္ဂလိကလုပ်ငန်းများအား အားပေးမြှင့်တင်ခြင်းတို့ကြောင့် အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရန်နှင့် အထူးသဖြင့် စက်မှုဇုန်များ ပိုမိုဖွံ့ဖြိုးလာခြင်းနှင့်အတူ ထုတ်လုပ်မှုများ ပိုမိုထွက်ရှိမည်ဟု ရည်မှန်းထားပါသည်။ ထို့အပြင် အခြေခံအဆောက်အအုံများအသစ် ဆောက်လုပ်ခြင်းနှင့် အဆင့်မြှင့်တင်ရေးလုပ်ငန်းများ၊ တန်ဖိုးနည်းအိမ်ရာများ ဆောင်ရွက်ရန် လျာထားပါသည်။

၅။ ဝန်ဆောင်မှုကဏ္ဍကြီးတွင် နိုင်ငံတဝှမ်း ဆောင်ရွက်ပြီးဖြစ်သည့် လမ်းကွန်ယက်များ ကောင်းမွန်လာခြင်းကြောင့် ရာသီမရွေး ခရီးသည်နှင့် ကုန်စည်ဝန်ဆောင်မှုများ လျင်မြန်သွက်လက်လာခြင်းနှင့် ပို့ဆောင်ဆက်သွယ်ရေး ပိုမိုလျင်မြန်လွယ်ကူလာသည်နှင့်အမျှ ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာရန်၊ ဘဏ္ဍာရေးဆိုင်ရာဝန်ဆောင်မှုများ အားကောင်းလာခြင်းနှင့် ပြည်သူများ၏ယုံကြည်မှုများ ရရှိလာခြင်းမှတစ်ဆင့် ငွေရေးကြေးရေးဝန်ဆောင်မှု လုပ်ငန်းများ ဖွံ့ဖြိုးရန်၊ ပြည်တွင်းပြည်ပ ကုန်သွယ်ရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးရန်၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ တိုးတက်ရန် မျှော်မှန်း ထားပါသည်။

ဇာစ်မြစ်။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

## ဘဏ္ဍာရေးမူဝါဒ

**အခွန်မူဝါဒ**

- နိုင်ငံတော်အစိုးရ၏ အသုံးစရိတ်များအတွက်သာ အခွန်ကို ကောက်ခံခြင်းမဟုတ်ဘဲ နိုင်ငံတော်တွင် ညီညွတ်မျှတသော အရအသုံးငွေကြေးစနစ်ကို ဖော်ဆောင်၍ ငွေကြေးလည်ပတ်မှုမှန်ကန်စေရန်၊
- ငွေကြေးဖောင်းပွမှု ထိန်းသိမ်းရန်၊
- ပြည်တွင်းစားသုံးမှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စုဆောင်းမှုတို့ကို အခွန်အကောက်စနစ်ဖြင့် ထိန်းညှိပေးရန်၊
- ကုန်ဈေးနှုန်းတည်ငြိမ်မှုအတွက် အထောက်အကူပြုရန်၊
- ဝင်ငွေခွဲဝေမှု မျှတစေရန်နှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန်။

**အသုံးစရိတ်မူဝါဒ**

- ပညာရေး၊ ကျန်းမာရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေး အသုံးစရိတ်များကို ဆက်လက်တိုးမြှင့်သုံးစွဲရန်၊
- ပြည်သူလူထုကို ချက်ချင်းလက်ငင်း အကျိုးပြုနိုင်သည့် အသုံးစရိတ်များကို ဦးစားပေးသုံးစွဲရန်၊
- ဖွဲ့စည်းပုံနှင့်ဝန်ထမ်းခန့်အပ်မှုများကိုစနစ်တကျစိစစ်ခွင့်ပြုရန်၊
- စီမံကိန်းများအား ဦးစားပေးအဆင့်ခွဲပြီး လတ်တလော မလိုအပ်သေးသည့် စီမံကိန်းများကို ရွှေ့ဆိုင်းဆောင်ရွက်ရန်၊
- ပစ္စည်းဝယ်ယူမှုများကိုစနစ်တကျ စိစစ်ဆောင်ရွက်ရန်၊
- ပြည်ပအကူအညီရငွေနှင့် ပြည်ပချေးငွေများကို စိစစ်ရယူရန်၊
- ကျေးလက်ဒေသဖွံ့ဖြိုးရေး၊လျှပ်စစ်မီးရရှိရေး၊လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ သောက်သုံးရေနှင့် စိုက်ပျိုးရေလုံလောက်စွာရရှိရေး တိုးမြှင့်သုံးစွဲရန်။

# ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လအတွက်

# ပြည်ထောင်စုနှင့်တိုင်းဒေသကြီး/ပြည်နယ်များ၏အရအသုံးခန့်မှန်းခြေ

(ကျပ်ဘီလီယံ)

| အကြောင်းအရာ | ပြည်ထောင်စု | တိုင်းဒေသကြီး/ပြည်နယ် |
|---|---|---|
| ရငွေ | ၈,၄၉၁.၉၈၂ | ၁,၁၉၆.၉၀၀ |
| အသုံးစရိတ် | ၁၀,၆၇၇.၆၉၈ | ၁,၁၉၆.၉၀၀ |
| လိုငွေ | ၂,၁၈၅.၇၁၆ | - |
| ဂျီဒီပီတန်ဖိုး | ၃၂,၈၇၃.၂၀၃ | |
| လိုငွေနှင့်ဂျီဒီပီအချိုး | ၆.၆၅% | |

## ပြည်ထောင်စု၏ အခွန်အကောက်ရငွေ (ခန့်မှန်းခြေ)

(ကျပ်ဘီလီယံ)

| စဉ် | အခွန်အမျိုးအစား | ၂၀၁၈ ခုနှစ် ဧပြီလမှစက်တင်ဘာလအထိ |
|---|---|---|
| ၁။ | ပြည်တွင်းထွက်ကုန်နှင့်ပြည်သူပြည်သားများသုံးစွဲမှု အပေါ် ကောက်ခံသည့် အခွန်အကောက် | ၁,၂၆၉.၃၃၁ |
| ၂။ | ဝင်ငွေနှင့်ပိုင်ဆိုင်မှုအပေါ်ကောက်ခံသည့် အခွန်အကောက် | ၈၆၃.၁၇၆ |
| ၃။ | အကောက်ခွန် | ၂၄၅.၀၀၀ |
| ၄။ | နိုင်ငံပိုင်သယံဇာတများထုတ်ယူသုံးစွဲမှုအပေါ် ကောက်ခံသည့် အခွန်အကောက် | ၄၁၄.၃၉၀ |
| | စုစုပေါင်း | ၂,၇၉၁.၈၉၇ |

## ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လအတွက်
## ပြည်ထောင်စု၏အဖွဲ့အစည်းများနှင့်ဝန်ကြီးဌာနအလိုက် အရ၊ အသုံးအခြေအနေ

(ကျပ်သန်းပေါင်း)

| စဉ် | | ဌာန/အဖွဲ့အစည်းအမည် | ရငွေ | အသုံးစရိတ် | ပိုငွေ(+) လိုငွေ(-) |
|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ |
| ၁ | | ဖဟိုအဖွဲ့အစည်းများ | ၁,၆၁၂.၀၄၂ | ၄၂,၀၁၃.၆၇၁ | -၄၀,၄၀၁.၆၂၉ |
| | ၁ | နိုင်ငံတော်သမ္မတရုံး | - | ၄,၁၂၇.၀၆၇ | -၄,၁၂၇.၀၆၇ |
| | ၂ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | ၁၂.၀၀၀ | ၁,၀၅၄.၄၅၈ | -၁,၀၄၂.၄၅၈ |
| | ၃ | ပြည်ထောင်စုလွှတ်တော်ရုံး | ၄၁၅.၅၁၃ | ၁,၀၉၀.၈၁၃ | -၆၇၅.၃၀၀ |
| | ၄ | ပြည်သူ့လွှတ်တော်ရုံး | ၁.၂၇၀ | ၄,၈၃၂.၈၃၆ | -၄,၈၃၁.၅၆၆ |
| | ၅ | အမျိုးသားလွှတ်တော်ရုံး | ၀.၄၀၀ | ၂,၈၉၄.၆၄၈ | -၂,၈၉၄.၂၄၈ |
| | ၆ | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | ၁၄၀.၀၀၀ | ၁၃,၄၀၉.၀၃၈ | -၁၃,၂၆၉.၀၃၈ |
| | ၇ | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး | ၀.၀၃၀ | ၄၃၀.၀၉၆ | -၄၃၀.၀၆၆ |
| | ၈ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး | - | ၄,၄၉၅.၆၇၂ | -၄,၄၉၅.၆၇၂ |
| | ၉ | ပြည်ထောင်စုရှေ့နေချုပ်ရုံး | ၃.၈၇၉ | ၁,၆၀၇.၈၈၀ | -၁,၆၀၄.၀၀၁ |
| | ၁၀ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | ၉၉၉.၈၃၂ | ၂,၉၂၉.၉၂၉ | -၁,၉၃၀.၀၉၇ |
| | ၁၁ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ၃၉.၁၁၈ | ၅,၁၄၁.၂၃၄ | -၅,၁၀၂.၁၁၆ |
| ၂ | | ဝန်ကြီးဌာနများ | ၇,၅၂၇,၇၀၀.၆၈၉ | ၉,၈၃၈,၅၇၄.၀၂၄ | -၂,၃၁၀,၈၇၃.၃၃၅ |
| | ၁ | နိုင်ငံခြားရေး | ၈၉၃.၅၀၀ | ၄၆,၇၀၄.၂၃၃ | -၄၅,၈၁၀.၇၃၃ |
| | ၂ | သမ္မတရုံး | - | - | - |
| | ၃ | ပြည်ထဲရေး | ၉၇,၆၇၉.၈၈၅ | ၃၂၂,၉၇၅.၀၉၉ | -၂၂၅,၂၉၅.၂၁၄ |
| | ၄ | ကာကွယ်ရေး | ၃၁,၇၆၁.၄၇၄ | ၁,၃၄၀,၅၉၅.၆၆၈ | -၁,၃၀၈,၈၃၄.၁၉၄ |
| | ၅ | နယ်စပ်ရေးရာ | ၁,၅၁၈.၅၇၇ | ၆၀,၉၁၅.၁၁၁ | -၅၉,၃၉၆.၅၃၄ |
| | ၆ | နိုင်ငံတော်အတိုင်ပင်ခံရုံး | - | ၈၉၂.၂၄၉ | -၈၉၂.၂၄၉ |
| | ၇ | ပြန်ကြားရေး | ၁၇,၅၀၅.၉၁၈ | ၂၄,၇၈၅.၁၁၅ | -၇,၂၇၉.၁၉၇ |
| | ၈ | သာသနာရေးနှင့်ယဉ်ကျေးမှု | ၂,၇၁၂.၁၃၀ | ၁၄,၉၃၀.၈၇၃ | -၁၂,၂၁၈.၇၄၃ |
| | ၉ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း | ၂၀၁,၂၇၂.၀၁၃ | ၃၈၁,၅၀၈.၆၃၁ | -၁၈၀,၂၃၆.၆၁၈ |
| | ၁၀ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၅၉၆,၂၃၇.၆၇၉ | ၄၈၀,၃၈၅.၅၆၇ | +၁၁၅,၈၅၂.၁၁၂ |
| | ၁၁ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၂၁၆,၇၈၂.၂၀၁ | ၁၈၇,၀၈၄.၀၉၂ | +၂၉,၆၉၈.၁၀၉ |
| | ၁၂ | လျှပ်စစ်နှင့်စွမ်းအင် | ၂,၄၅၈,၈၇၉.၄၀၈ | ၂,၃၄၃,၈၁၃.၃၂၈ | +၁၁၅,၀၆၆.၀၈၀ |

## ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လအတွက်
## ပြည်ထောင်စု၏ အဖွဲ့အစည်းများနှင့်ဝန်ကြီးဌာနအလိုက် အရ၊ အသုံးအခြေအနေ

(ကျပ်သန်းပေါင်း)

| စဉ် | | ဌာန/အဖွဲ့အစည်းအမည် | ရငွေ | အသုံးစရိတ် | ပိုငွေ(+) လိုငွေ(-) |
|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄. | ၅ |
| | ၁၃ | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား | ၂၈,၄၆၁.၃၁၅ | ၁၆,၅၃၂.၀၆၈ | +၁၁,၉၂၉.၂၄၇ |
| | ၁၄ | စက်မှု | ၅၂,၈၁၈.၁၉၈ | ၁၈၈,၅၃၅.၅၉၀ | -၁၃၅,၇၁၇.၃၉၂ |
| | ၁၅ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၁၀,၄၀၁.၂၁၆ | ၆,၅၂၅.၅၂၁ | +၃,၈၇၅.၆၉၅ |
| | ၁၆ | ပညာရေး | ၂၈,၅၈၅.၇၃၈ | ၈၀၇,၁၄၆.၅၅၂ | -၇၇၈,၅၆၀.၈၁၄ |
| | ၁၇ | ကျန်းမာရေးနှင့်အားကစား | ၅၆,၁၈၀.၄၂၃ | ၄၁၉,၅၉၉.၈၅၁ | -၃၆၃,၄၁၉.၄၂၈ |
| | ၁၈ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၃,၅၃၆,၄၉၃.၅၅၅ | ၂,၉၁၃,၅၄၀.၂၄၅ | +၆၂၂,၉၅၃.၃၁၀ |
| | ၁၉ | ဆောက်လုပ်ရေး | ၁၇၂,၃၄၄.၃၈၃ | ၂၄၄,၄၃၄.၁၈၉ | -၇၂,၀၈၉.၈၀၆ |
| | ၂၀ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး | ၅,၂၆၈.၇၂၆ | ၃၁,၈၈၆.၀၃၈ | -၂၆,၆၁၇.၃၁၂ |
| | ၂၁ | ဟိုတယ်နှင့်ခရီးသွားလာရေး | ၁၁,၉၀၄.၃၅၀ | ၄,၇၀၇.၀၄၄ | +၇,၁၉၇.၃၀၆ |
| | ၂၂ | တိုင်းရင်းသားလူမျိုးများရေးရာ | - | ၁,၀၇၆.၉၆၀ | -၁,၀၇၆.၉၆၀ |
| ၃ | | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၂၆၄,၇၃၉.၁၇၄ | ၁၈၉,၀၀၆.၈၅၃ | +၇၅,၇၃၂.၃၂၁ |
| ၄ | | တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | ၇၃၀.၀၀၀ | ၆၂၀.၄၁၀ | +၁၀၉.၅၉၀ |
| ၅ | | နေပြည်တော်ကောင်စီ | ၄၉.၆၈၄ | ၄,၄၈၃.၅၃၆ | -၄,၄၃၃.၈၅၂ |
| ၆ | | နေပြည်တော်စည်ပင်သာယာရေးကော်မတီ | ၁၈,၄၇၈.၃၃၀ | ၁၆,၅၁၆.၆၉၇ | +၁,၉၆၁.၆၃၃ |
| ၇ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများ | ၆၃၃,၆၅၃.၄၇၀ | ၅၆၉,၈၂၆.၁၈၁ | +၆၃,၈၂၇.၂၈၉ |
| ၈ | | လူမှုဖူလုံရေးအဖွဲ့ | ၄၅,၀၁၈.၂၈၀ | ၁၆,၆၅၆.၈၀၂ | +၂၈,၃၆၁.၄၇၈ |
| | | စုစုပေါင်း (၁ + ၂ + ၃ + ၄ + ၅ + ၆ + ၇ + ၈ ) | ၈,၄၉၁,၉၈၁.၆၆၉ | ၁၀,၆၇၇,၆၉၈.၁၇၄ | -၂,၁၈၅,၇၁၆.၅၀၅ |

( ရငွေခန့်မှန်းခြေငွေစာရင်းတွင် ပြည်ပအကူအညီရငွေ နှင့် ပြည်ပချေးယူရငွေများပါဝင်ပါသည်။
အသုံးစရိတ် ခန့်မှန်းခြေငွေစာရင်းတွင် ပြည်ပအကူအညီရငွေ နှင့် ပြည်ပချေးယူရငွေတို့ဖြင့်
ဆက်နွှယ်ထားသည့် လုပ်ငန်း အသုံးစရိတ်များ ပါဝင်ပါသည်။)

# ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လအတွက်
# ပြည်ထောင်စု၏ အဖွဲ့အစည်းများနှင့်ဝန်ကြီးဌာနအလိုက် ရငွေ၊ အသုံးစရိတ်ပါဝင်မှုအခြေအနေ

| စဉ် | | ဌာန/အဖွဲ့အစည်းအမည် | ရငွေပေါ်တွင် ပါဝင်မှုအချိုးအစား | အသုံးစရိတ်ပေါ်တွင် ပါဝင်မှုအချိုးအစား |
|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ |
| ၁ | | **ဗဟိုအဖွဲ့အစည်းများ** | **၀.၀၂%** | **၀.၃၉%** |
| | ၁ | နိုင်ငံတော်သမ္မတရုံး | | ၀.၀၄% |
| | ၂ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | | ၀.၀၁% |
| | ၃ | ပြည်ထောင်စုလွှတ်တော်ရုံး | ၀.၀၁% | ၀.၀၁% |
| | ၄ | ပြည်သူ့လွှတ်တော်ရုံး | | ၀.၀၄% |
| | ၅ | အမျိုးသားလွှတ်တော်ရုံး | | ၀.၀၃% |
| | ၆ | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | | ၀.၁၃% |
| | ၇ | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး | | |
| | ၈ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး | | ၀.၀၄% |
| | ၉ | ပြည်ထောင်စုရှေ့နေချုပ်ရုံး | | ၀.၀၁% |
| | ၁၀ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | ၀.၀၁% | ၀.၀၃% |
| | ၁၁ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | | ၀.၀၅% |
| ၂ | | **ဝန်ကြီးဌာနများ** | **၈၈.၆၄%** | **၉၂.၁၄%** |
| | ၁ | နိုင်ငံခြားရေး | ၀.၀၁% | ၀.၄၄% |
| | ၂ | သမ္မတရုံး | | |
| | ၃ | ပြည်ထဲရေး | ၁.၁၅% | ၃.၀၂% |
| | ၄ | ကာကွယ်ရေး | ၀.၃၇% | ၁၂.၅၆% |
| | ၅ | နယ်စပ်ရေးရာ | ၀.၀၂% | ၀.၅၇% |
| | ၆ | နိုင်ငံတော်အတိုင်ပင်ခံရုံး | | ၀.၀၁% |
| | ၇ | ပြန်ကြားရေး | ၀.၂၀% | ၀.၂၃% |
| | ၈ | သာသနာရေးနှင့်ယဉ်ကျေးမှု | ၀.၀၃% | ၀.၁၄% |
| | ၉ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း | ၂.၃၇% | ၃.၅၇% |
| | ၁၀ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၇.၀၂% | ၄.၅၀% |
| | ၁၁ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၂.၅၅% | ၁.၇၅% |
| | ၁၂ | လျှပ်စစ်နှင့်စွမ်းအင် | ၂၈.၉၆% | ၂၁.၉၅% |

## ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လအတွက် ပြည်ထောင်စု၏အဖွဲ့အစည်းများနှင့်ဝန်ကြီးဌာနအလိုက် ရငွေ၊ အသုံးစရိတ်ပါဝင်မှုအခြေအနေ

| စဉ် | | ဌာန/အဖွဲ့အစည်းအမည် | ရငွေပေါ်တွင် ပါဝင်မှုအချိုးအစား | အသုံးစရိတ်ပေါ်တွင် ပါဝင်မှုအချိုးအစား |
|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ |
| | ၁၃ | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား | ၀.၃၄% | ၀.၁၅% |
| | ၁၄ | စက်မှု | ၀.၆၂% | ၁.၇၇% |
| | ၁၅ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၀.၁၂% | ၀.၀၆% |
| | ၁၆ | ပညာရေး | ၀.၃၄% | ၇.၅၆% |
| | ၁၇ | ကျန်းမာရေးနှင့်အားကစား | ၀.၆၆% | ၃.၉၃% |
| | ၁၈ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၄၁.၆၄% | ၂၇.၂၉% |
| | ၁၉ | ဆောက်လုပ်ရေး | ၂.၀၃% | ၂.၂၉% |
| | ၂၀ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး | ၀.၀၆% | ၀.၃၀% |
| | ၂၁ | ဟိုတယ်နှင့်ခရီးသွားလာရေး | ၀.၁၄% | ၀.၀၄% |
| | ၂၂ | တိုင်းရင်းသားလူမျိုးများရေးရာ | | ၀.၀၁% |
| ၃ | | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၃.၁၂% | ၁.၇၇% |
| ၄ | | တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | ၀.၀၁% | ၀.၀၁% |
| ၅ | | နေပြည်တော်ကောင်စီ | | ၀.၀၄% |
| ၆ | | နေပြည်တော်စည်ပင်သာယာရေးကော်မတီ | ၀.၂၂% | ၀.၁၅% |
| ၇ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ | ၇.၄၆% | ၅.၃၄% |
| ၈ | | လူမှုဖူလုံရေးအဖွဲ့ | ၀.၅၃% | ၀.၁၆% |
| | | စုစုပေါင်း(၁ + ၂ + ၃ + ၄ + ၅ + ၆ + ၇ + ၈ ) | ၁၀၀% | ၁၀၀% |

## ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လ အတွက် ပြည်ပအကူအညီရငွေ နှင့် ပြည်ပချေးယူရငွေစာရင်းတို့ဖြင့် ဆက်နွယ်ထားသည့် လုပ်ငန်းအသုံးစရိတ်များ

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန /အဖွဲ့အစည်း | ပြည်ပ အကူအညီရငွေ | ပြည်ပ ချေးယူရငွေ |
|---|---|---|---|
| ၁ | ပြည်ထောင်စုလွှတ်တော်ရုံး | ၁၆၄.၀၀၅ | ၂၄၆.၀၀၈ |
| ၂ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | ၃၆၄.၀၉၅ | ၅၄၆.၁၄၃ |
| ၃ | ပြည်ထဲရေးဝန်ကြီးဌာန | - | ၇၉,၃၂၇.၈၂၅ |
| ၄ | နယ်စပ်ရေးရာဝန်ကြီးဌာန | ၁,၃၈၀.၀၀၀ | - |
| ၅ | ပြန်ကြားရေးဝန်ကြီးဌာန | ၁၂၄.၂၀၀ | - |
| ၆ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ၃၈,၂၅၇.၈၆၇ | ၈၅,၈၃၉.၆၂၀ |
| ၇ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | ၁၇,၇၃၆.၉၄၀ | ၁၀၃,၂၉၂.၁၅၇ |
| ၈ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ၇,၇၆၀.၈၆၆ | - |
| ၉ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ၄၁၄.၅၁၀ | ၁၄၇,၁၇၇.၅၀၄ |
| ၁၀ | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | ၁၀၀.၀၀၀ | - |
| ၁၁ | စက်မှုဝန်ကြီးဌာန | ၆.၉၀၀ | ၆၂၁.၀၀၀ |
| ၁၂ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ၂၄၈.၈၄၂ | - |
| ၁၃ | ပညာရေးဝန်ကြီးဌာန | ၁၃,၄၁၆.၆၂၅ | ၅,၆၃၄.၇၉၈ |
| ၁၄ | ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | ၄၃,၂၅၄.၂၆၈ | ၆,၆၈၁.၀၃၂ |
| ၁၅ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ၁၃၄,၂၄၁.၈၀၁ | ၄၀၁,၈၈၈.၉၇၃ |
| ၁၆ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၂၄,၅၇၃.၁၁၆ | ၁၀၃,၈၁၆.၉၃၅ |
| ၁၇ | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ၂,၇၂၃.၆၄၁ | - |
| ၁၈ | ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန | ၂,၄၃၀.၃၇၂ | - |
| ၁၉ | **မြန်မာနိုင်ငံတော်ဗဟိုဘဏ်** | - | ၁၁,၈၁၆.၅၆၇ |
| | **ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ** | | |
| ၂၀ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | ၅,၁၁၆.၂၂၁ | ၃၀,၇၃၂.၇၃၀ |
| ၂၁ | ရန်ကုန်/မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း | - | ၁၇,၇၄၇.၇၁၁ |
| | **စုစုပေါင်း** | ၂၉၂,၃၁၄.၂၆၉ | ၉၉၅,၃၆၉.၀၀၃ |

ပြည်ပအကူအညီရငွေဖြင့် သုံးစွဲသည့် အသုံးစရိတ်တွင် အမေရိကန်ဒေါ်လာ ၁၈၃,၅၂၄,၁၈၁ နှင့် ပြည်ပချေးယူရငွေဖြင့် သုံးစွဲသည့် အသုံးစရိတ်တွင် အမေရိကန်ဒေါ်လာ ၇၁၈,၂၂၇,၈၅၀ တို့ ပါဝင်ပါသည်။

# ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လ အတွက် ပြည်ထောင်စုမှ တိုင်းဒေသကြီး/ ပြည်နယ်များသို့ ခွဲဝေပေးမည့် အခွန်ဝေစုများလျာထားချက်

(ကျပ်သန်းပေါင်း)

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ခွဲဝေပေးမည့် အခွန်ဝေစု |
|---|---|---|
| ၁ | ကချင်ပြည်နယ် | ၅၂၃.၃၆၃ |
| ၂ | ကယားပြည်နယ် | ၁၇၈.၇၇၈ |
| ၃ | ကရင်ပြည်နယ် | ၄၈၄.၁၃၃ |
| ၄ | ချင်းပြည်နယ် | ၃၇၇.၁၄၆ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁,၄၁၈.၄၉၁ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၆၂၂.၀၄၆ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၉၃၃.၆၇၆ |
| ၈ | မကွေးတိုင်းဒေသကြီး | ၇၈၁.၀၄၇ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၇,၀၉၀.၄၄၄ |
| ၁၀ | မွန်ပြည်နယ် | ၄၇၃.၉၁၇ |
| ၁၁ | ရခိုင်ပြည်နယ် | ၁,၂၄၃.၉၃၀ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၆၃,၈၀၆.၀၀၆ |
| ၁၃ | ရှမ်းပြည်နယ် | ၂,၁၄၈.၃၉၆ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၁,၀၅၆.၂၆၆ |
| | စုစုပေါင်း | ၈၁,၃၃၇.၆၃၉ |

## ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လ အတွက် တိုင်းဒေသကြီး/ ပြည်နယ်များ၏ အရ၊ အသုံး အခြေအနေ

(ကျပ်သန်းပေါင်း)

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ရငွေ | သုံးငွေ | ပိုငွေ (+)/လိုငွေ(-) |
|---|---|---|---|---|
| ၁ | ကချင်ပြည်နယ် | ၆,၉၀၀.၆၅၂ | ၇၆,၄၁၆.၃၂၃ | -၆၉,၅၁၅.၆၇၁ |
| ၂ | ကယားပြည်နယ် | ၁,၁၆၄.၂၅၉ | ၂၄,၈၄၅.၀၂၀ | -၂၃,၆၈၀.၇၆၁ |
| ၃ | ကရင်ပြည်နယ် | ၂,၅၁၀.၀၅၈ | ၄၀,၀၁၀.၃၈၁ | -၃၇,၅၀၀.၃၂၃ |
| ၄ | ချင်းပြည်နယ် | ၁,၀၃၈.၉၅၂ | ၆၇,၀၁၄.၉၇၀ | -၆၅,၉၇၆.၀၁၈ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၂,၇၉၂.၉၂၆ | ၁၀၁,၁၅၀.၁၃၀ | -၈၈,၃၅၇.၂၀၄ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၃,၂၃၆.၂၂၅ | ၇၅,၅၁၈.၄၃၂ | -၇၂,၂၈၂.၂၀၇ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၁၃,၁၅၇.၇၆၅ | ၇၆,၅၅၉.၈၄၄ | -၆၃,၄၀၂.၀၇၉ |
| ၈ | မကွေးတိုင်းဒေသကြီး | ၉,၄၅၅.၉၅၂ | ၇၈,၀၀၃.၅၇၄ | -၆၈,၅၄၇.၆၂၂ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၉၉,၀၂၆.၅၆၂ | ၁၅၀,၅၆၄.၁၇၈ | -၅၁,၅၃၇.၆၁၆ |
| ၁၀ | မွန်ပြည်နယ် | ၇,၆၁၀.၁၂၃ | ၄၃,၅၅၃.၈၂၇ | -၃၅.၉၄၃.၇၀၄ |
| ၁၁ | ရခိုင်ပြည်နယ် | ၄,၃၉၅.၉၈၉ | ၇၅,၁၄၉.၇၀၄ | -၇၀,၇၅၃.၇၁၅ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၁၉၁,၃၉၅.၂၈၉ | ၂၀၂,၁၉၂.၂၄၆ | -၁၀,၇၉၆.၉၅၇ |
| ၁၃ | ရှမ်းပြည်နယ် | ၁၂,၀၉၅.၇၇၈ | ၁၁၇,၄၆၅.၀၉၆ | -၁၀၅,၃၆၉.၃၁၈ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၁၁,၉၆၂.၇၆၇ | ၆၈,၄၅၆.၃၁၁ | -၅၆,၄၉၃.၅၄၄ |
| | ပေါင်း | ၃၇၆,၇၄၃.၂၉၇ | ၁,၁၉၆,၉၀၀.၀၃၆ | -၈၂၀,၁၅၆.၇၃၉ |
| ၁၅ | ပြည်ထောင်စုမှ လိုငွေဖြည့်ဆည်းခြင်း (ထောက်ပံ့ငွေ) | ၈၂၀,၁၅၆.၇၃၉ | | +၈၂၀,၁၅၆.၇၃၉ |
| | စုစုပေါင်း | ၁,၁၉၆,၉၀၀.၀၃၆ | ၁,၁၉၆,၉၀၀.၀၃၆ | - |

## ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လ အတွက် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ကိုယ်ပိုင်ဘဏ္ဍာရန်ပုံငွေ (Other Account ) လက်ကျန်အခြေအနေအရ အသုံးစရိတ်ကျခံသုံးစွဲရမည့်အခြေအနေ

၁။ ၂၀၁၈ ခု၊ ဧပြီလမှ စက်တင်ဘာလထိ (၆) လ အတွက် အသုံးစရိတ်များ တောင်းခံရာတွင် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ၃၁-၃-၂၀၁၇ ရက်နေ့ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ စာရင်း၊ စာရင်းရှင် (UFA-OA) လက်ကျန်အခြေအနေအရ အောက်ပါအတိုင်း ဆောင်ရွက်ရန် ဖြစ်ပါသည်-

(က) သာမန်အသုံးစရိတ်အားလုံး၊ ငွေလုံးငွေရင်းအသုံးစရိတ်အားလုံးနှင့် ကြွေးမြီ အသုံးစရိတ်များ အားလုံးတို့ကို မိမိကိုယ်ပိုင်ဘဏ္ဍာရန်ပုံငွေဖြင့် ကျခံသုံးစွဲရမည့် အဖွဲ့အစည်းများ-

(၁) သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊

(၂) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊

(၃) မြန်မာ့သစ်လုပ်ငန်း၊

(၄) အမှတ်(၁)သတ္တုတွင်းလုပ်ငန်း၊

(၅) အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၊

(၆) မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊

(၇) မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း၊

(၈) မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း။

(ခ) သာမန်အသုံးစရိတ်အောက်ရှိ ကုန်ကြမ်းပစ္စည်းဝယ်ယူခြင်းအသုံးစရိတ်၊ ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်၊ နိုင်ငံတော်သို့ထည့်ဝင်ငွေ၊ ကုန်ထုတ်လုပ်မှုစရိတ်/ လုပ်ငန်းဆောင်ရွက်မှုစရိတ်၊ စီမံနှင့်သုတေသနစရိတ်နှင့် ရောင်းချဖြန့်ဖြူးမှုစရိတ်တို့ကို မိမိကိုယ်ပိုင် ဘဏ္ဍာရန်ပုံငွေဖြင့် ကျခံသုံးစွဲရန်နှင့် ကျန်သာမန်အသုံးစရိတ် (လစာစရိတ်၊ လုပ်ခ၊ ပင်စင်၊ ပြည်ပချေးငွေပေါ် အတိုးပေးငွေ) ၊ ငွေလုံးငွေရင်းအသုံးစရိတ်နှင့် ကြွေးမြီအသုံးစရိတ်များကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ကျခံသုံးစွဲရမည့် အဖွဲ့အစည်းများ-

(၁) ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊

(၂) မြန်မာ့မီးရထား၊

(၃) ကုန်းလမ်းပို့ဆောင်ရေး၊

(၄) မြန်မာ့စာတိုက်လုပ်ငန်း၊

(၅) လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊

(၆) မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊

(၇) မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊

(၈) အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း၊

(၉) အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း၊

(၁၀) အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၊

(၁၁) မြန်မာ့ဆေးဝါးလုပ်ငန်း။

(ဂ) သာမန်အသုံးစရိတ်အောက်ရှိ ကုန်ကြမ်းပစ္စည်းဝယ်ယူခြင်းအသုံးစရိတ်၏၅၀%၊ ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်၊ နိုင်ငံတော်သို့ထည့်ဝင်ငွေ၊ ကုန်ထုတ်လုပ်မှုစရိတ်/လုပ်ငန်းဆောင်ရွက်မှုစရိတ်၊ စီမံနှင့်သုတေသနစရိတ်နှင့် ရောင်းချဖြန့်ဖြူးမှုစရိတ်တို့ကို မိမိကိုယ်ပိုင်ဘဏ္ဍာရန်ပုံငွေဖြင့်ကျခံသုံးစွဲရန်နှင့် ကျန်သာမန်အသုံးစရိတ် (ကုန်ကြမ်းပစ္စည်းဝယ်ယူခြင်းအသုံးစရိတ်၏ ၅၀ % ၊ လစာစရိတ်၊ လုပ်ခ၊ ပင်စင်၊ ပြည်ပချေးငွေပေါ်အတိုးပေးငွေ)၊ ငွေလုံးငွေရင်းအသုံးစရိတ်နှင့် ကြွေးမြီအသုံးစရိတ်များကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ကျခံသုံးစွဲရမည့်အဖွဲ့အစည်း-

(၁) လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း။

(ဃ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် သာမန်စာရင်း (ငွေသားစာရင်း) ရေးဆွဲရာတွင်ရငွေအပိုင်း၌ လုပ်ငန်းသုံးရင်းနှီးငွေဖြင့် လုပ်ငန်းလုပ်ကိုင်၍ရရှိသော ရငွေများကိုထည့်သွင်းဖော်ပြရန်ဖြစ်ပြီး အသုံးစရိတ်ပိုင်းတွင် လုပ်ငန်းသုံးရင်းနှီးငွေဖြင့် သုံးစွဲမည့်အသုံးစရိတ်၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့်သုံးစွဲမည့် အသုံးစရိတ်ဟူ၍ ခွဲခြားဖော်ပြပေးရန် ဖြစ်ပါသည်။ အရှုံးအမြတ်စာရင်းတွင် အမြတ်ပေါ်ပါက အသားတင်

အမြတ်၏၂၅% ကို ဝင်ငွေခွန် ပေးဆောင်ရန်နှင့် ၂၀% ကို နိုင်ငံတော်သို့ ထည့်ဝင်ငွေ အဖြစ် ထည့်ဝင်ရမည်ဖြစ်ပြီး ကျန်အသားတင်အမြတ်ကို ဘဏ္ဍာရေးနှစ်ကုန်ဆုံးသော အခါ ကိုယ်ပိုင်ဘဏ္ဍာရန်ပုံငွေအဖြစ် လာမည့်ဘဏ္ဍာရေးနှစ်သို့ သယ်ဆောင်နိုင်ပါသည်။ ၂၀၁၈ခုနှစ် ဧပြီလမှစက်တင်ဘာလအထိ ဘဏ္ဍာရေးနှစ်အတွက် နိုင်ငံတော်သို့ထည့် ဝင်ငွေကို (၃) လပတ်တစ်ကြိမ် နှုန်းဖြင့် ထည့်ဝင်ရမည်ဖြစ်ပါသည်။

( c) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် သာမန်အသုံးစရိတ်၊ ငွေလုံးငွေရင်း အသုံးစရိတ်နှင့် ကြွေးမြီအသုံးစရိတ်များကို ကျခံသုံးစွဲရာတွင် မိမိဘဏ္ဍာရန်ပုံငွေဖြင့် ကျခံသုံးစွဲသည်ဖြစ်စေ၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ကျခံသုံးစွဲသည်ဖြစ်စေ ခွင့်ပြုသည့် အသုံးစရိတ်လျာထားချက်အတွင်းသာ ဆောင်ရွက်ရမည်ဖြစ်ပါ သည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းဆိုင်ရာ အချက်အလက်များ**

၂။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများတွင် အဓိကဝင်ငွေရရှိနေသော မြန်မာ့ရေနံနှင့်သဘာဝ ဓာတ်ငွေ့လုပ်ငန်း၏ ၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ(၆)လအတွက် မူလခန့်မှန်းခြေ ငွေစာရင်းအရ ရငွေမှာ **ကျပ် ၁,၀၃၀ ဘီလီယံ** ဖြစ်၍ စုစုပေါင်းပြည်ထောင်စုရငွေ၏ **၁၂.၁၃** ရာခိုင်နှုန်း ဖြစ်ပါသည်။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအနေဖြင့် ခန့်မှန်းထားသည့် သဘာဝဓာတ်ငွေ့ဈေးနှုန်းမှာ ရဲတံခွန်၊ ရတနာနှင့်ဇောတိကကမ်းလွန်တို့တွင် 1 MMBTU ကို အမေရိကန်ဒေါ်လာ ၆.၄၅ နှင့် ရွှေကမ်းလွန်တွင်1 MMBTU ကို အမေရိကန်ဒေါ်လာ ၆.၂၃ တို့ဖြင့် ခန့်မှန်းထားပြီး ၊ ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုတွင် PSC စာချုပ်များအရ ရရှိမည်ဟု ခန့်မှန်း ထားသောလျာထားရငွေများမှာ **ရတနာကမ်းလွန်မှ** အမေရိကန်ဒေါ်လာ ၄၉.၉၆၆ သန်း၊ **ရဲတံခွန် ကမ်းလွန်မှ** အမေရိကန် ဒေါ်လာ ၇၀.၆၄၇ သန်း၊ **ဇောတိကကမ်းလွန်မှ** အမေရိကန်ဒေါ်လာ ၀.၇၃၁ သန်း၊ **ရွှေကမ်းလွန်မှ** အမေရိကန်ဒေါ်လာ ၃.၁၂၀ သန်းရရှိမည်ဟုခန့်မှန်းထားပြီး၊ အရှေ့တောင်အာရှ ရေနံစိမ်းသယ်ယူပို့ဆောင်ရေးပိုက်လိုင်း နှင့် အရှေ့တောင်အာရှသဘာဝဓာတ်ငွေ့ ပိုက်လိုင်း တို့မှ အမေရိကန်ဒေါ်လာ ၅၆.၇၀၆ သန်း နှင့် ပြည်တွင်းသုံးသဘာဝဓာတ်ငွေ့ ရောင်းချမှုမှ အမေရိကန် ဒေါ်လာ ၄၅၉.၉၅၄ သန်း ရရှိမည်ဟုခန့်မှန်းထားပါသည်။ နိုင်ငံတော်၏ အခွန်အကောက်အနေဖြင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန်သည် **ကျပ် ၁၈၂ ဘီလီယံ** ရရှိမည်ဟု ထည့်သွင်းလျာထားပြီး၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ငန်းအနေဖြင့် နိုင်ငံတော်သို့ ပေးဆောင်ရမည့် ဝင်ငွေခွန်ကို **ကျပ် ၁၀၆ ဘီလီယံ** ၊ ကုန်သွယ်လုပ်ငန်းခွန်ကို **ကျပ် ၁၁၉ ဘီလီယံ** ၊ အထူးကုန်စည်ခွန်ကို **ကျပ် ၁၅၃ ဘီလီယံ** နှင့်နိုင်ငံတော်သို့ ထည့်ဝင်ငွေမှာ **ကျပ် ၈၅ ဘီလီယံ** လျာထားပါသည်။

## ၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ (၆) လအတွက်
## ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများ၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ
## လိုက်နာဆောင်ရွက်ရန် အချက်များ

၂၀၁၈ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှ စက်တင်ဘာလ (၃၀) ရက်နေ့အထိ (၆) လအတွက် အသုံးစရိတ်စာရင်းရေးဆွဲရာတွင် အောက်ပါတို့ကို အခြေခံ၍ ရေးဆွဲရန် ထုတ်ပြန်ဆောင်ရွက်ခဲ့ပါသည်-

သာမန်အသုံးစရိတ်

(၁) လစာစရိတ်။ ခန့်ထားပြီးဝန်ထမ်းအရေအတွက်နှင့် တိကျစွာ တွက်ချက်ရန်၊ ဝန်ထမ်းသစ်ခန့်ထားရန်အတွက် ၂၀၁၈ ခုနှစ်အတွက် (၆)လအတွင်း အမှန်တကယ်ခန့်နိုင်မည့် အခြေအနေပေါ်မူတည်၍ ခန့်မှန်းတွက်ချက်ရန်၊ လစာ၊ စရိတ်ချိုးမြှင့်ငွေမှာ ငွေစာရင်းခေါင်းစဉ်လွှဲပြောင်းသုံးစွဲ၍ မရသဖြင့် သုံးစွဲနိုင်မည့် ပမာဏသာ လျာထားရန်၊

(၂) ခရီးသွားလာစရိတ်။ (၆)လအတွင်း အမှန်တကယ်သွားရောက်နိုင်မည့် နိုင်ငံခြားသွားကိုယ်စားလှယ်စရိတ်နှင့် ပြည်တွင်းခရီးစရိတ်ကိုသာ တွက်ချက်လျာထားရန်၊

(၃) ပစ္စည်းများဝယ်ယူခြင်း၊ ဆောင်ရွက်ပေးခြင်းတို့အတွက် ကုန်ကျစရိတ်နှင့် လုပ်အားခ။

(က) (၆) လအတွင်း မဖြစ်မနေပေးချေရမည့် လုပ်အားခ၊ အခွန်အခ၊ တယ်လီဖုန်း၊ မီတာအားခ စသည်များ ၊ မဖြစ်မနေဝယ်ယူသုံးစွဲရမည့် ပစ္စည်းများနှင့် (၆) လ အတွင်း ကျင်းပနိုင်မည့် အစည်းအဝေး၊ သင်တန်းစသည်တို့ကို ခန့်မှန်း လျာထားရန်၊

(ခ) ဓာတ်ဆီ၊ စက်ဆီ၊ ချောဆီ အသုံးစရိတ် နှင့် စပ်လျဉ်း၍ (၆) လအတွင်း သုံးစွဲမည့် ယာဉ်စီးရေ၊ ၁ လသုံးစွဲမည့် ဂါလံ၊ နှုန်းထားစသည်ဖြင့် အသေးစိတ်တွက်ချက်မှုနှင့်တကွ တင်ပြရန်နှင့် လုပ်ငန်းသုံးဆီကိုလည်း အမှန်တကယ်သုံးစွဲမည့်ပမာဏအား တွက်ချက်မှုနှင့်တကွ တင်ပြလျာထားရန်၊

(၄) ပြင်ဆင်ထိန်းသိမ်းစရိတ်။ မော်တော်ယာဉ် ပြင်ဆင်ထိန်းသိမ်းစရိတ်အတွက် ယာဉ်စီးရေ၏ ၅၀% အတွက် (၆)လစာ သတ်မှတ်ယာဉ်ပြင်ဆင်ထိန်းသိမ်းစရိတ်ကိုသာ တောင်းခံရန်နှင့် သာမန်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်တို့တွင် ယာဉ်ပြင်ဆင်စရိတ် မထပ်စေရန်၊

(၅) ပညာရေးနှင့် လူမှုရေးအသုံးစရိတ်။ (၆) လအတွင်း အနည်းဆုံးခန့်မှန်း အရေအတွက် ဖြင့်သာ တောင်းခံရန်နှင့် ကုန်ကျစရိတ်များကို နီးစပ်အောင် ခန့်မှန်းတောင်းခံရန်၊

(၆) ဖည့်ခံကျွေးမွေးစရိတ်။ သက်ဆိုင်ရာဌာနအဖွဲ့အစည်းရှိ ရုံးခွဲ အရေအတွက်၊ ဝန်ထမ်း ဦးရေတို့နှင့် မျှတစွာ လျာထားတွက်ချက်ရန်ဖြစ်ပြီး ယခင်နှစ်များက ထူးခြားသည့် အခြေ အနေအရ ကျင်းပခဲ့ရသည့် အခမ်းအနားများအတွက် လျာထားခဲ့မှုများကို လျော့ပြီးမှ တွက်ချက်လျာထားရန်၊

(၇) အတိုးစရိတ်။ (၆)လအတွင်းပေးချေရန် အချိန်စေ့ရောက်သောအတိုးပေးငွေများကိုသာ ထည့်သွင်းလျာထားရန်၊

(၈) ပြည်ပချေးငွေ၊ပြည်ပအကူအညီရငွေတို့ဖြင့်သုံးစွဲမည့်အသုံးစရိတ်များ။ စာချုပ်ချုပ်ဆို ထားသည့်အနက် (၆) လအတွင်း အမှန်တကယ်ရရှိနိုင်မည့် ပမာဏကိုသာ ခန့်မှန်းလျာထား ရန်၊

## ငွေလုံးငွေရင်းအသုံးစရိတ်

(၉) (၆) လအတွင်း ပြီးစီးအောင်ဆောင်ရွက်နိုင်မည့် တည်ဆောက်ရေး၊ ဝယ်ယူရေး၊ အခြား စသည့် လုပ်ငန်းများအတွက်ကိုသာ စီမံကိန်းရေးဆွဲရေးဦးစီးဌာနနှင့် ညှိနှိုင်းရေးဆွဲရန် ဖြစ်ပါသည်။

## ကြွေးမြီအသုံးစရိတ်

(၁၀) ၂၀၁၈ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှ စက်တင်ဘာလ (၃၀) ရက်နေ့အထိ (၆) လအတွင်း ပြည်ပချေးငွေများ အမှန်တကယ်ရရှိနိုင်မည့် ဌာနအဖွဲ့အစည်းများသည် သက်ဆိုင်ရာ ခေါင်းစဉ်များအလိုက် ထည့်သွင်းရေးဆွဲရန်ဖြစ်ပြီး ဖော်ပြပါ (၆) လ အတွင်း အရင်းပေး ဆပ်ရန် အချိန်စေ့ရောက်သည့် ကြွေးမြီများအတွက် အသုံးစရိတ်ကို ကြွေးမြီအသုံးစရိတ် အဖြစ်လျာထား၍ ရေးဆွဲရန် ဖြစ်ပါသည်။

**<u>သတိပြုရန်အချက်များ</u>**

(၁၁) ပြည်ထောင်စုအဆင့်ဌာန၊အဖွဲ့အစည်းများ၏ ၂၀၁၈ ခုနှစ် ဧပြီလ (၁) ရက်နေ့မှ စက်တင်ဘာလ (၃၀) ရက်နေ့အထိ (၆) လအတွက် **ဖြည့်စွက်ခွင့်ပြုငွေတောင်းခံရန်ခွင့်မပြုပါ။**

(၁၂) ၆ လအတွက်သာ ရေးဆွဲခြင်းဖြစ်သဖြင့် ငွေစာရင်းခေါင်းစဉ်များအလိုက် တိကျစွာခန့်မှန်းလျာထားကြရန်နှင့် ရန်ပုံငွေလွှဲပြောင်းသုံးစွဲလိုခြင်း၊ ပိုလျှံငွေများပြားစွာ ပြန်လည်အပ်နှံရခြင်းများ မရှိစေရန် သတိပြုဆောင်ရွက်ရမည်။

(၁၃) ဘဏ္ဍာရေးနှစ်ပြောင်းလဲဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ၆ လ အတွက် အရအသုံးခန့်မှန်းခြေငွေစာရင်းကို အကောင်အထည်ဖော် ဆောင်ရွက်ပြီးပါက ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ယခင်ဆောင်ရွက်ခဲ့သည့် အရအသုံးခန့်မှန်းခြေငွေစာရင်းများ ရေးဆွဲသည့် လုပ်ငန်းစဉ်များ အတိုင်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။